# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၃ ရက်မြောက်နေ့ အစီအစဉ်

# ၂၂ – ၉ – ၂၀၁၁ (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ **"ရန်ကုန်–နေပြည်တော် လမ်းမကြီးတွင် မှားယွင်းစွာ အချက်ပြစနစ်ကျင့်သုံးနေခြင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဇော်ထွန်း၊ လပွတ္တာ မဲဆန္ဒနယ်၏ **"ရွှေးမြစ်နှင့်ပြာမလော့မြစ်ကြား ရေငန်တား တာ ဆောင်ရွက်ပေးရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **"မဏိပူရ ဘက်စုံရေလှောင်တမံ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) သူရဦးအေးမြင့်၊ ဝက်လက် မဲဆန္ဒနယ်၏ **"ဝက်လက်မြို့နယ်အတွင်း ရေဆိုးချောင်းများ တိုးချဲ့တူးဖော်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကြည်မောင်၊ မြစ်သား မဲဆန္ဒနယ်၏ **"မြစ်သားမြို့ ပန်းလောင် ရေတံခါး တပ်ဆင်ရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစံလင်း၊ တောင်ကြီး မဲဆန္ဒနယ်၏ **" ထော်လာဂျီ(ထုံကုန်း လေးလုံးထိုး) ယာဉ် မှတ်ပုံတင်ခွင့်"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

၆။ **"၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"**ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က တင်သွင်းခြင်း။

၇။ **"၁၉၆၄ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က**"၁၉၆၄ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"**ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ **" တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန် ပေးအပ်သူက တင်သွင်းခြင်း။

၁၀။ **" တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **“ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၂။ ဒေါက်တာစံလှိုင်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **“ ရခိုင်ပြည်နယ်၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန် အကောင်အထည် ဖော်ပေးပါရန် ”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်။

( ခ ) ဦးမြင့်လွင်၊ ကျိုက်ထို မဲဆန္ဒနယ်။

( ဂ ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၄။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၅။ ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်၏ **“ မြေလွတ်မြေရိုင်းများအား အမှန်တကယ် လုပ်ကိုင်လိုသူများ တရားမျှတစွာ လုပ်ကိုင်ခွင့်ရရှိရေး ”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်။

( ခ ) ဦးခင်မောင်ဦး၊ မုံရွာ မဲဆန္ဒနယ်။

( ဂ ) ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း၊ မံစီ မဲဆန္ဒနယ်။

(ဃ) ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ သီပေါ မဲဆန္ဒနယ်။

၁၆။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၇။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၈။ ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **" အမျိုးသားအဆင့် ကျန်းမာရေး စောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ကို(က) ပြည်သူ အားလုံး အာမခံပေါ်လစီ ဝယ်ယူခွင့်ရရှိပြီးထူထောင်သည့်စနစ်၊ (ခ) ပုံမှန် လုပ်ခလစာရရှိသော လုပ်သားများလစဉ်/နှစ်တွက်ထည့်ဝင်မှုကို အလုပ်ရှင် နှင့် အစိုးရတို့က ထပ်ဆောင်းပေးသည့် ရန်ပုံငွေဖြင့် ထူထောင်သည့်စနစ်၊ (ဂ) အလုပ်မရှိသေးသူ၊ ရာသီလိုက်ဝင်ငွေရ တောင်သူလယ်သမားများ၊ အလုပ်မမှန်ပျံကျလုပ်ကိုင် စားသောက်သူများ အတွက် အစိုးရက ယာယီ စိုက်ထုတ်ထူထောင်သည့်စနစ်များ သီးခြားစီထူထောင်ပြီး ညှိနှိုင်း ပေါင်းစပ် လုပ်ကိုင်သွားရန် "** အဆို တင်သွင်းခြင်း။

၁၉။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၀။ ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **" အခြေခံပညာ ကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန် "** အဆိုတင်သွင်းခြင်း။

၂၁။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။